形容词中构成副词： ဂရု ～ စိုက် 注意地 / စည်းကမ်း ～ ကျ 有秩序地 / တိတ် ～ ဆိတ် 静悄悄地

**တကတဲ** အ၊ <t-g-de:> 咳，真是！(表示不满的语气)： ～မိုးကလဲရွာတော်မူလိုက်တာ၊ စဲပဲမစဲနိုင်ဘူး။ 咳！这雨下个没完没了！ / ～ တော်၊အရေးရှိရင်ခေါ်လိုက်ရတာ။ 你(指她的丈夫)这人可真是的，有事叫也叫不来。

**တကတဲမှပဲ** အ၊ <d-g-de: hma' be:> 咳，真是的！(表示不满情绪，语气比 တကတဲ 强烈)： ～ မဆိုင်တာတွေပြောနေတယ်။ 真是的！你尽东拉西扯。

**တကာ** န၊ <d-ga> ①男施主，(男性)布施者 ②(和尚对男人的称呼)施主 ③(加于名词后表示)所有的，到处： နိုင်ငံ ～ 国际 / လူ ～ သိသည်။ 尽人皆知。 / နေရာ ～ တွေ့နိုင်ပါတယ်။ 到处可见。

**တကာခံ** က၊ <d-ga khan> 做东道主，请客： ရုပ်ရှင်လက်မှတ်အတွက်ကျနော် ～ ပါမယ်။ 我出电影票钱。 / ဒီတခါတော့ကျနော် ～ ပါရစေ။ 这次就让我请客吧。

**တကာမ** န၊ <d-g-ma'> ①女施主，(女性)布施者 ②(和尚对女人的称呼)女施主

**တကာဥပါ** န၊ <d-ga u' ba/d-ga u' pa> 施主

**တကား** ပ၊ <d-ga:> 放在句子后或放在主语后，表示惊奇、感叹，相当于汉语的"啊"： ကောင်းလှပါ ～ ။ 真好啊！ / လွတ်လပ်ရေး၏တန်ဖိုးကားကြီးမြတ်လေစွ ～ ။独立多么可贵啊！

**တကူ** န၊ <d-gu> = တံကူ

**တကူကူ** ကဝ၊ <t-ku gu> (斑鸠等)咕咕地(叫)

**တကူမြက်** န၊ <d-gu myet> 【植】一种芒须草 Andropogon Apricus

**တကူးတက** ကဝ၊ <d-gu: d-ga'> 专门，特地，专程： ဤကိစ္စကို ～ မေးမြန်းဘို့မလိုပါ။ 此事无须专门询问。 / လုပ်ငန်းနဲ့ပတ်သက်ပြီး ～ ပြောချင်လို့ခင်ဗျားကိုခေါ်တာပါ။ 想专门谈谈工作，所以才请你来的。

**တကူးတကန့်** ကဝ၊ <d-gu: d-gan'> 专门，特地，专程： ～သွားရောက်ကြိုဆိုသည်။ 专程前往迎接。

**တကဲ့တကဲ့** ကဝ၊ <d-ge' d-ge'> 渐渐地，慢慢地： တခါထဲသိမ်းကျုံးသယ်လို့ဘယ်ရမလဲ၊ ～ စီသယ်ရတယ်ဗျ။ 一下子怎能搬完呢，得一点一点地搬！

**တကဲကဲ** ကဝ၊ <d-ge: ge:> 摆出要……的样子；准备……，跃跃欲试地： ထွက်ပြေးမည် ～ လုပ်သည်။ 准备逃跑。 / ရိုက်မယ် ～ လုပ်နေတယ်။ 摆着架势要打人。

**တကော်ကော်** ကဝ၊ <d-gaw gaw> (鸡)咯咯地叫；(唢呐声)呜哇呜哇： ကြက်တွေ ～ အော်နေတယ်။ 鸡咯咯地叫个不停。 / နှဲ ～ မြည်နေတာပဲ။ 唢呐呜里哇拉地吹着。

**တကောက်** န၊ <d-gaut> = တံကောက်

**တကောက်ကောက်** ကဝ၊ <d-gaut gaut> 紧紧地(跟着)： ခွေးဖြူလေးတကောင်သည်သူ့နောက်မှ ～ လိုက်လာသည်။ 一只小白狗紧跟在他身后。

**တကောင်တကောင်** နဝ၊ <d-gaun d-gaun> ①一只只： လပိုင်ငါးကြီးတွေ ～ ဟောဒီလောက်ရှိတယ်။ 一只只海豚都有那么大。 ②(贬)相互，互相： ဘယ်လိုလုပ်ကြမည်နည်းဟု ～ တိုင်ပင်ကြသည်။ (他们)互相商量要怎么办。

**တကောင်ကြွက်** န၊ <d-gaun gywet> 无依无靠的人，单身汉，孤身，孤立的人

**တကောင်ကြွက်တမျက်နှာ** န၊ <d-gaun gywet t-myet hna> = တကောင်ကြွက် / လူဟာလောကမှာ ～ အဖြစ်နေတာမဟုတ်။ 人在世界上并不是孤立生活的。

**တကောင်တမြီး** န၊ <d-gaun t-myi:> 某一只，某一条，(谑)一个(人)： ဘယ်ရောက်နေကြပါလိမ့်၊ ～ မှမတွေ့ပါလား။ 都到哪儿去了，怎么连个人影儿也看不见啊！ / စားစရာရှိတော့လူကပေါပေါ၊လုပ်စရာရှိတော့ ～ မှပေါ်မလာတော့ဘူး။ 有吃的都来了，一要到干活连影儿都看不见。

**တကောင်း** န၊ <d-gaun:> 凉水瓶(陶制或玻璃制)： ရေ ～ 陶制冷水瓶 / ဖန်ရေ ～ 玻璃冷水瓶

**တကိုင်လေးသစ်** န၊ <d-gain lei: dhit> 茶杯口粗细的东西： ～ ရှိသောမျိုးစည်း 茶杯口粗的秧苗把儿 / ～ မျှတုတ်သောမြွေကြီးတကောင် 一条茶杯口粗的大蛇

**တကယ့်** နဝ၊ <d-ge'> ①真的，实在的： ～ ဓာတ်ဗူးပါ၊ အတုမဟုတ်ပါဘူး။ 是真的热水瓶，不是假的。 ②不寻常的： ဤတိုက်စစ်သည်သာမန်တိုက်စစ်မဟုတ်၊ ～ တိုက်စစ်ဖြစ်ပေသည်။ 这不是一般的战斗，是一次不寻常的战斗。 / ～ လူ 真的人(与假人相对)；了不起的人

**တကယ့်ကို** ကဝ၊ <d-ge' ko> 真正，实在，确实： ～ မသိဘူး။ 真的不知道。 / ～ သိပ်ကောင်းတာပဲ။ 实在很好。

**တကယ့်တကယ်** ကဝ၊ <d-ge' d-ge> 真正地，一定： ပြောတော့သာလွယ်တာ၊ ～ လုပ်တော့မလွယ်လှဘူး။ 说容易，实际做起来并不太容易。

**တကယ်** ကဝ၊ <d-ge> 真实地，实在： ～ သွားကြည့်ချင်တယ်။ 真的想去看。 / ～ ပြောတာ။ 说真的。 / ～ လား။ 真的吗?

**တကယ်စင်စစ်** ကဝ၊ <d-ge sin zit> 其实，事实上： ～ သိတဲ့လူမရှိဘူး။ 其实没有一个人知道。

**တကယ်တန္တု** ကဝ၊ <d-ge tan du'> = အကယ်တန္တု

**တကယ်တမ်း** ကဝ၊ <d-ge dan:> 真实地，实在地： ～ ကောင်းမွန်တဲ့အကြံဥာဏ်တခုပါပဲ။ 真是个好主意。

**တကယ်လို့** သ၊ <d-ge lo'> 假使，假设，如果，倘若： ～ ခင်ဗျားသွားရင်ကျနော်လဲသွားမယ်။ 如果你去，我也去。

**တကယ်လို့များ** သ၊ <d-ge lo' mya:> = တကယ်လို့

**တကယ်အဟုတ်** ကဝ၊ <d-ge a-hout> 真实地，果然如此： ～ ပြောတာ။ 不是骗你，是真的。

**တကိုယ်ကောင်း** I ကဝ၊ <d-go gaun:> 为了私利，为了个人，